# အလုပ်သင် သင်တန်းသားများသို့

ပြဿနာ ကြုံတွေ့နေပါက တိုင်ပင်ကြပါစို့

> အလုပ်သင် သင်တန်းသားများက ဂျပန်ပြည်တွင် ကျန်းမာစွာဖြင့် အလုပ်သင် သင်တန်းသားဘဝကို နေထိုင်ဆောင်ရွက်နိုင် စေရန် မိခင်ဘာသာဖြင့် အလုပ်သင် သင်တန်းသားများကို အထောက်အကူ ပေးလျှက် ရှိပါသည်။
>
> http://www.support.otit.go.jp/soudan/mm

● **ဆက်လက် အလုပ်လုပ်ချင်ပါသော်လည်း အလုပ်မလုပ်နိုင်သူများ အတွက်........**

အလုပ်သင် သင်တန်း မပြီးဆုံးသေးသော်လည်း၊

နောက်ဆုံးကာလပြီးသည်အထိ အလုပ်သင်ပညာ သင်ကြားလိုသော်လည်း ＜မိမိတိုင်းပြည်ကို ပြန်ခိုင်းခံနေရသော အခြေအနေ ＞ ဖြစ်နေပါက၊ ချက်ခြင်း <u>**မိမိဘာသာဖြင့် ဆွေးနွေးနိုင်သော ဤဌာနကို**</u> ဆက်သွယ်ပါ။ (အကယ်၍ လေဆိပ်ကို ရောက်ရှိနေပါက၊ လူဝင်မှု ကြီးကြပ်ရေး ဝန်ထမ်းကို တိုင်ပင်နိုင်ပါသည်။)

<u>**ထို့အပြင် အလုပ်သင်ကြားပေးနေသော လုပ်ငန်းမှ မိမိသဘောဖြင့် အလုပ်ထွက်သည်ဟု အကြောင်းပြရန် တိုက်တွန်းခြင်း ခံနေရပါက ပထမဦးစွာ မိခင်ဘာသာဖြင့် တိုင်ပင်ဆွေးနွေးနိုင်သော ဤဌာနသို့ ဆက်သွယ်တိုင်ပင်ပါ။**</u>

※ လက်ခံသင်ကြားပေးနေသော လုပ်ငန်းအတွင်း၊ ဆက်လက် သင်တန်းတက်ရန်ခက်ခဲနေပါက ၊ ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် လက်ခံသင်ကြားပေးနေသော လုပ်ငန်းသည် အလုပ်သင် သင်တန်းသားများ အတွက် လုပ်ငန်းခွင် အသစ်ကို ရှာဖွေပေးရန် တာဝန် ရှိပါသည်။ လုပ်ငန်းခွင် အလုပ်သင် ဥပဒေအရ အလုပ်သင် သင်တန်းသားများက ဆက်လက် ပညာသင် လေ့လာလိုပါလျှက် အတင်းအဓမ္မ မိမိတိုင်းပြည်သို့ ပြန်လည် ပို့ဆောင်ခြင်းသည် ဥပဒေကို ချိုးဖေါက်ရာ ရောက်ပါသည်။ ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် လက်ခံသင်ကြားပေးနေသော လုပ်ငန်းက လုပ်ငန်းအသစ်အား ရှာဖွေနိုင်စွမ်း အရှိတော့သော အခါ၊ ဤမိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးနိုင်သော အဖွဲ့အစည်းက လုပ်ငန်းခွင် ပညာသင်ကြားရေး လုပ်ငန်းသစ်အား ကူညီ ရှာဖွေ ပေးလျှက် ရှိပါသည်။

● **အလုပ်အကြောင်းအရာ၊ ငွေးရေးကြေးရေး ပေးဆောင်မှုက လွဲမှားနေသောအခါ........**

ဂျပန်သို့ မလာမီ သိရှိထားသော အလုပ်အကြောင်းအရာနှင့် မဆိုင်သော လုပ်ငန်းများကို ခိုင်းစေသည့်အခါ၊ လစာကို ဂတိအတိုင်း

မပေးသည့်အခါ၊ အကြမ်းဖက် နှိပ်စက်ညှင်းပန်းမှု ခံရသောအခါ၊ လုပ်ငန်းခွင် အလုပ်သင် ဥပဒေကို ချိုးဖောက်နေသည်ဟု သံသယ ဖြစ်နိုင်ပါသောကြောင့် **<u>မိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးနိုင်သောဌာန</u>** ကို ဆက်သွယ်နိုင်ပါသည်။

- **<u>ပိုမိုမြင့်မားသော လစာရရှိနိုင်သည်</u>........**

"လစာမြင့်" "ကြိုတင် လစာငွေ" "လစာ အခွင့် အရေးကောင်း" များ ရနိုင်သည်ဟု SNS ရှိ အလုပ်ခေါ်စာ၊ အသိမိတ်ဆွေတို့က SNS မှ တစ်ဆင့် (တစ်ခြားတစ်နေရာတွင် ပိုမို ကောင်းမွန်သော အလုပ်ရှိသည်) ဟု သွေးဆောင် ဖြားရောင်းသောအခါ၊ လုံးဝနားမယောင်ရန် လိုအပ်ပါသည်။ အချို့သပ် သွေးဆောင်ပြီး ဥပဒေကို ချိုးဖောက် စေခြင်း၊ လစာငွေများ လိမ်လည်ခံရခြင်းများ ဖြစ်ပွားနေပါသည်။ ဤကဲ့သို့သော အချိန်များတွင် ပထမဦးဆုံး မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော ဤဌာနကို ဆက်သွယ်ပေးစေလိုပါသည်။

| |
|---|
| တစ်ဦးတည်း တွေဝေခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်၏ ချိုသာဖြားရောင်းမှုကို ယုံကြည်ပြီး လုပ်ငန်းခွင်မှ ထွက်ပြေးပါက၊ သင်ကိုယ်တိုင် ဥပဒေ ချိုးဖောက်မှုကို ပြုလုပ်မိရုံသာမက၊ တစ်ခြားသော ရာဇဝတ်မှုများတွင် ပါဝင် သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် ပြဿနာတက်ပါက ပထမဦးဆုံး **"မိခင် ဘာသာဖြင့် ဆွေးနွေးနိုင်သော"** ဤဌာနကို ဆက်သွယ်ပေးကြ စေလိုပါသည်။ |